


အစီအစဉ်(၂)

# “ ကိုရိုနာဗိုင်းရပ်စ် အကြပ်အတည်းနဲ့ အဂတိတရားကင်းစင်မှု၊ ကိုယ်ကျိုးမဖက်မှု”

တင်ပြသူ
ဦးခင်မောင်ညို(ဘောဂဗေဒ)

ကိုရိုနာဗိုင်းရပ်စ် စတင်တွေ့ရှိတဲ့နေရာဟာ
စည်းမျဉ်းစည်းကမ်းလျော့နည်းတဲ့ နေရာတစ်ခု
ဖြစ်နေတယ်လို့ လေ့လာချက်တစ်ရပ်က
ဆိုလေတော့ စဉ်းစားစရာကောင်းတယ်။




ACC Against COVID-19

U Khin Maung Nyo
(Economics)

ရောဂါမပြန့်ပွားရလေအောင်
ထိန်းချုပ်ကြရာမှာလည်း
ချမှတ်တဲ့ စည်းမျဉ်း
စည်းကမ်းတွေကို လိုက်နာမှုက
အရေးပါပြန်တယ်။






U Khin Maung Nyo
(Economics)

တစ်ဖက်မှာလည်း ရန်သူဟာ
ဝေဒနာရှင် မဟုတ် ရောဂါပိုးသာ
ဖြစ်တယ်ဆိုတာ နားလည်ပြီး
လူ့ဂုဏ်သိက္ခာထိပါး
ညှိုးနွမ်းခြင်းမရှိလေရအောင်
သတိပြု ဆောင်ရွက်ကြရ
ပြန်ပါတယ်။





U Khin Maung Nyo
(Economics)



သတင်းထုတ်ပြန်ချက်တွေကို
လူတွေလေးစား
လိုက်နာကြတာ၊
အစိုးရနဲ့ပြည်သူ
ဆက်ဆံရေးကောင်းမွန်တာ၊
အစိုးရကို
ပူးပေါင်းဆောင်ရွက်ကြတယ်
ဆိုတာ တွေကလည်း
အစိုးရနဲ့ဌာနဆိုင်ရာအဖွဲ့
အစည်းတွေကို
ဘယ်လောက်ယုံကြည်
စိတ်ချကြသလဲ
ဆိုတဲ့အပေါ်မှာ
မူတည်နေပြန်တယ်။

U Khin Maung Nyo
(Economics)

မကျန်းမာတဲ့သူ၊ ကူးစက်တဲ့သူ၊
သေဆုံးတဲ့သူတွေစာရင်းကို
ဖုံးကွယ်မထားပဲ အချိန်နဲ့
တစ်ပြေးညီ
ထုတ်ပြန်ပေးနိုင်တဲ့အခါ
ကောလာဟလတွေမတိုးသာ
ပြန်ဘူး။






U Khin Maung Nyo
(Economics)

DISCIPLINE

ဒီကာလတွေမှာ သဘာဝကျစွာ
ဆေးပစ္စည်းနဲ့ဆေးဝါးတွေဝယ်ယူကြရ ဖြန့်ဖြူးကြရတယ်။
အဲဒီအခါမှာ စနစ်တကျ လုပ်ဆောင်ဖို့
မြင်သာထင်သာရှိဖို့လည်းလိုအပ်သလို လိုတဲ့နေရာ လိုတဲ့သူဆီကို
အချိန်မီအရောက်ပေးပို့နိုင်ဖို့လည်း လိုအပ်တယ်။
လူတစ်စုကိုပေးတာမဟုတ်။ လိုအပ်တဲ့ လူအများစုကို
စေတနာအလျောက်ပေးရတာဖြစ်လို့
ဘက်လိုက်မှုကင်းကြရတယ်။



BIAS



U Khin Maung Nyo
(Economics)

လိုအပ်တဲ့အသုံးအဆောင်တွေက
ခပ်များများ၊ ငွေကြေးအင်အားကလည်း
မပြည့်စုံ၊
နည်းနည်းနဲ့ကျဲကျဲဝိုင်းရတာဆိုတော့
အလေအလွင့်မရှိဖို့ကလည်း
သိပ်အရေးကြီးပါတယ်။



မပြည့်စုံတဲ့သူတွေအတွက်
အကူအညီအထောက်အပံ့ပေးတဲ့အခါ
သန်းခေါင်စာရင်းနဲ့ အိမ်ထောင်စုစစ်တမ်းတွေကို
အတိုင်းအတာတစ်ခုအထိ
အားကိုးအားထားလုပ်နိုင်ပေမယ့်
အလောသုံးဆယ်လုပ်ကြရတာဆိုတော့
တချို့နေရာလေးတွေမှာမကျေလည်တာ
နည်းနည်းကြား သိရပေမယ့်
အများအားဖြင့်တော့အဆင်ပြေကြပုံရပါတယ်။








U Khin Maung Nyo
(Economics)

- ✓ စာရင်းအင်းမပြည့်စုံလို့ ကျန်နေတဲ့ သူတွေကို လုပ်ငန်းရှင်တွေနဲ့ တခြား စေတနာရှင်တွေက ဝိုင်းဝန်းထောက်ပံ့ကြတာ တွေ့ရတယ်။







အထူးသဖြင့် အရေးရယ် အကြောင်းရယ်ဆို ထိပ်ဆုံးက အားကိုးရတဲ့ ဆရာတော်၊ သံဃာတော်များနဲ့ သူတို့ရဲ့ဒကာ၊ ဒကာမများရဲ့ စေတနာကို အထူးတွေ့မြင်ကြရပါတယ်။

✓ အကြပ်အတည်းနဲ့
ကြုံတဲ့အခါ လူတွေရဲ့
အကြောက်တရားတွေ
စိုးရိမ်စိတ်တွေကို
တစ်ဖက်မှာတွေ့ရသလို
တစ်ဖက်ကလည်း
အကြင်နာတရားတွေ၊
စာနာမှုတွေ၊ စေတနာတွေ၊
မေတ္တာတွေကိုလည်း
တွေ့ရတယ်။






သူတို့တစ်တွေရဲ့ပညာတွေ
ကျွမ်းကျင်မှုတွေ
စေတနာထက်သန်မှုတွေ
မဆုတ်မနစ်
လုပ်ဆောင်မှုတွေကိုမှတ်တမ်းတင်
ဂုဏ်ယူကြရမှာပါ။




U Khin Maung Nyo
(Economics)






လူတစ်ယောက်စီက
မကြာခဏလက်ဆေးတာ၊
အိမ်မှာပဲတတ်နိုင်သမျှ
နေကြတာ၊ တခြား
သူတွေနဲ့ခပ်ခွာခွာနေတဲ့
နည်းဟာ အတ္တဟိတဆိုတဲ့
ကိုယ်ကျိုးစီးပွားအတွက်လည်း
ဖြစ်သလို ပရဟိတဆိုတဲ့အများ
အကျိုးအတွက်လည်းဖြစ်ပါတယ်။
တစ်နည်းပြောရရင် အိမ်မှာနေရင်းနဲ့
ကုသိုလ်တွေ ရနေတာပေါ့။

U Khin Maung Nyo
(Economics)

မကြောက်ရင်လည်း လုံးဝမကြောက်၊
ကြောက်ရင်လည်း
အကြောက်လွန်လွန်းတတ်တဲ့
အစွန်းရောက်တွေအတွက်တော့
ဥပဒေအရ
အရေးယူဆောင်ရွက်ရတာတွေ
လိုအပ်မှာပါ။




U Khin Maung Nyo
(Economics)

✓ နိဂုံးချုပ်ရရင် ကမ္ဘာနဲ့ချီပြီး
လူအများ ဒုက္ခရောက်နေတဲ့
အချိန်ဟာ ကိုယ်ကျိုးရှာရမယ့်
အချိန် မဟုတ်ပါဘူး။

✓ ကိုယ်ကျိုးရှာတာတွေ ရှိရင်လည်း
အခုလိုခေတ်ကြီးမှာ အားလုံးက
မြင်တွေ့နေကြရမှာပါ။

# Don't

အများအကျိုးဆောင်မှ
ကိုယ့်အကျိုးအောင်မှာ ဖြစ်သလို
ကိုယ့်ကိုယ်ကို ရုပ်ပိုင်းရော စိတ်ပိုင်းပါ
ကာကွယ်စောင့်ရှောက်တာဟာ
အများအကျိုးကို ဆောင်ရွက်ရာ
ရောက်ပါတယ်။




U Khin Maung Nyo
(Economics)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အသိပညာပေး ကဏ္ဍ၏ အထူး အစီအစဉ်အနေနှင့် “ACC Against COVID-19” ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ် အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်း မရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

A special program “ACC Against COVID-19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.